# အခြေပစ္စည်းမှမြတ်စွန်းငွေအကြောင်း သိကောင်းစရာများ

## ရည်ရွယ်ချက်

အခွန်ထမ်းပြည်သူများအနေဖြင့် နှစ်တစ်နှစ်အတွင်း အခြေပစ္စည်းတစ်ခု သို့မဟုတ် တစ်ခုထက်ပို၍ရောင်းချခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းများ ဆောင်ရွက်ရာတွင် ဝင်ငွေခွန်ဥပဒေ၊ နည်းဥပဒေနှင့် ပြည်ထောင်စု၏အခွန်အကောက်ဥပဒေပါပြဋ္ဌာန်းချက်များအတိုင်း လိုက်နာဆောင်ရွက်ရမည့်ကိစ္စရပ်များကို ရှင်းလင်းစွာသိရှိနိုင်ရန်အတွက် ဤစာစောင်အား ထုတ်ပြန်ရခြင်းဖြစ်ပါသည်။

## အခြေပစ္စည်း

❖ အခြေပစ္စည်းဆိုသည်မှာ မြေ၊ အဆောက်အဦနှင့် ယင်းတို့၏ အခန်းများ၊ ယာဉ်နှင့် လုပ်ငန်းဆိုင်ရာ မ-တည်ပစ္စည်းကိုဆိုသည်။ ယင်းစကားရပ်တွင် အစုရှယ်ယာနှင့် ကတိခံဝန်ချုပ်တို့အပြင် ငွေချေးသက်သေခံလက်မှတ်များ ယင်းတို့ကဲ့သို့သော အလားတူစာချုပ်စာတမ်းများပါဝင်ပါသည်။

## အခြေပစ္စည်းမှမြတ်စွန်းငွေ

❖ အခြေပစ္စည်းမှမြတ်စွန်းငွေဆိုသည်မှာ အခြေပစ္စည်းကို ရောင်းချခြင်း၊ လဲလှယ်ခြင်း (သို့မဟုတ်) လွှဲပြောင်းခြင်းပြုလုပ်၍ ရရှိသောမြတ်စွန်းငွေကိုဆိုပါသည်။ (လွှဲပြောင်းခြင်းဆိုရာ၌ အမွေဆက်ခံခြင်းနှင့် အဖိုးစားနားမပါဘဲ မေတ္တာဖြင့်ပေးကမ်းခြင်း၊ လှူဒါန်းခြင်းတို့မပါဝင်စေရ)

## အခွန်ကျသင့်စေခြင်း

❖ မည်သူမဆို နှစ်တစ်နှစ်အတွင်း အခြေပစ္စည်းဖြစ်သည့် ရွှေ့ပြောင်းနိုင်သည့် ယာဉ်၊ အစုရှယ်ယာ၊ မ-တည်ပစ္စည်းအစရှိသည်တို့နှင့် မရွှေ့ပြောင်းနိုင်သည့် အိမ်၊ မြေ၊ အဆောက်အဦ၊ မ-တည်ပစ္စည်းအစရှိသည်တို့ကို တစ်ခု သို့မဟုတ် တစ်ခုထက်ပို၍ ရောင်းချခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းပြုလုပ်လျှင် ယင်းသို့ပြုလုပ်၍ရရှိသောမြတ်စွန်းငွေအတွက် အခြေပစ္စည်းမှမြတ်စွန်းငွေခေါင်းစဉ်ဖြင့် ဝင်ငွေခွန်ထမ်းဆောင်ရမည်ဖြစ်ပါသည်။

## အခွန်နှုန်းထားများဖြင့် ပေးသွင်းရမည့်ငွေကြေးအမျိုးအစား

❖ အခြေပစ္စည်းတစ်ခု (သို့မဟုတ်) တစ်ခုထက်ပို၍ ရောင်းချခြင်း၊ လဲလှယ်ခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းမှမြတ်စွန်းငွေရရှိလျှင် ထိုသို့မြတ်စွန်းသည့်ကျပ်ငွေ (သို့မဟုတ်) နိုင်ငံခြားငွေအပေါ် ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ နှင့် ၆-က တို့အရ သက်သာခွင့်များ နုတ်ပယ်ခြင်းမပြုဘဲ -

(၁) မြန်မာနိုင်ငံ၏ ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ထုတ်လုပ်ခြင်း ကဏ္ဍတွင်ပါဝင်လုပ်ကိုင်သော ကုမ္ပဏီမှအပဖြစ်သည့် ပုဂ္ဂိုလ်စုများ (သို့မဟုတ်) တစ်ဦးချင်းပုဂ္ဂိုလ်ဖြစ်ပါက မြတ်စွန်းသည့်ကျပ်ငွေ (သို့မဟုတ်) နိုင်ငံခြားငွေအပေါ် ၁၀ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန်

ပေးဆောင်ရမည်ဖြစ်ပါသည်။ ပြည်ပနေနိုင်ငံခြားသားဖြစ်ပါက ကျသင့်အခွန်ကို ရရှိသည့် ငွေကြေးအမျိုးအစားဖြင့် ပေးဆောင်ရမည်ဖြစ်ပါသည်၊

(၂) မြန်မာနိုင်ငံရေနံနှင့်သဘာဝဓာတ်ငွေ့ရှာဖွေတူးဖော်ထုတ်လုပ်ခြင်းကဏ္ဍတွင် ပါဝင်လုပ်ကိုင်သောကုမ္ပဏီဖြစ်ပါက အောက်တွင်မြတ်စွန်းငွေနှင့် ယှဉ်တွဲဖော်ပြထားသောအခွန်နှုန်းထားများအတိုင်း ရရှိသည့်ငွေကြေးအမျိုးအစားဖြင့် ဝင်ငွေခွန်ပေးဆောင်ရမည်ဖြစ်ပါသည်။

| စဉ် | မြတ်စွန်းငွေ | ပေးဆောင်ရမည့် ဝင်ငွေခွန်နှုန်း |
|---|---|---|
| ၁ | ညီမျှကျပ်သန်းပေါင်း(၁၀၀,၀၀၀)အထိ | ၄၀ % |
| ၂ | ညီမျှကျပ်သန်းပေါင်း(၁၀၀,၀၀၀)အထက်မှ(၁၅၀,၀၀၀) အထိ | ၄၅ % |
| ၃ | ညီမျှကျပ်သန်းပေါင်း(၁၅၀,၀၀၀)အထက် | ၅၀ % |

## ကင်းလွတ်ခွင့်

❖ နှစ်တစ်နှစ်အတွင်း အခြေပစ္စည်းတစ်ခု (သို့မဟုတ်) တစ်ခုထက်ပို၍ရောင်းချခြင်း၊ လဲလှယ်ခြင်း (သို့မဟုတ်) အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းပြုလုပ်သည့် အခြေပစ္စည်း၏တန်ဖိုးစုစုပေါင်းသည် ကျပ်သိန်း (၁၀၀) ထက် မပိုလျှင် အခြေပစ္စည်းမှမြတ်စွန်းငွေ ပေါ်ပေါက်စေကာမူ ဝင်ငွေခွန်မကျသင့်စေရဟု ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေတွင် ပြဋ္ဌာန်းထားပါသည်။

## ဝင်ငွေကြေညာလွှာတင်သွင်းခြင်း

(၁) အခြေပစ္စည်းမှမြတ်စွန်းငွေခေါင်းစဉ်ဖြင့် အခွန်ထမ်းဆောင်ရမည့် အခွန်ထမ်းများအနေဖြင့် အခြေပစ္စည်းကို ရောင်းချခြင်း၊ လဲလှယ်ခြင်း၊ လွှဲပြောင်းခြင်းပြုသည့်နေ့မှ ရက်ပေါင်း (၃၀) အတွင်း အိမ်၊ ခြံ၊ မြေ ဖြစ်လျှင် အခြေပစ္စည်းတည်ရှိရာ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးတွင်လည်းကောင်း၊ ယာဉ်များဖြစ်လျှင် အခွန်ထမ်းနေထိုင်ရာ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးတွင်လည်းကောင်း ဝင်ငွေကြေညာလွှာတင်သွင်းခြင်းနှင့် ကျသင့်အခွန်ကို ခန့်မှန်းတွက်ချက်၍ ပေးဆောင်ခြင်းတို့ပြုလုပ်ရပါမည်ဖြစ်ပါသည်။

(၂) အခြေပစ္စည်းမှမြတ်စွန်းငွေကြေညာလွှာတင်သွင်းရာ၌ အခွန်ထမ်းကိုယ်တိုင်အခွန်စည်းကြပ်သည့်စနစ်ကျင့်သုံးနေသည့်ရုံးများအတွက် စုပေါင်းတင်သွင်းသည့်အခြေပစ္စည်းမှ မြတ်စွန်းငွေကြေညာလွှာ ပတခ(ဝင)-၀၃-၀၁(ခ) ပုံစံနှင့် ရောင်းချ၊ လဲလှယ်၊ လွှဲပြောင်းခြင်းအလိုက် တင်သွင်းသည့်အခြေပစ္စည်းမှမြတ်စွန်းငွေကြေညာလွှာ ပတခ(ဝင)-၀၃-၀၁(က) ပုံစံဖြင့်လည်းကောင်း၊ အခွန်ရုံးမှအခွန်စည်းကြပ်သည့်စနစ်ကျင့်သုံးနေသောရုံးများအတွက် ပုဂ္ဂိုလ်စုအခွန်ထမ်းများဖြစ်ပါက ပတခ(ဝင)-၀၃-၀၁(က)ပုံစံဖြင့်လည်းကောင်း၊ တစ်ဦးချင်း

ပုဂ္ဂိုလ်အခွန်ထမ်းများဖြစ်ပါက ပတခ(ဝင)-၀၃-၀၁(ဂ) ဖြင့် လည်းကောင်း တင်သွင်းရမည် ဖြစ်ပါသည်။

**ရှင်းလင်းချက်။** (၁) အခြေပစ္စည်းရောင်းချခြင်း၊ လဲလှယ်ခြင်း (သို့မဟုတ်) အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းပြုသည့်နေ့ဆိုသည်မှာ ယင်းပစ္စည်းကို ရောင်းချခြင်း၊ လဲလှယ်ခြင်း (သို့မဟုတ်) အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းပြုသော စာချုပ်ချုပ်ဆိုသည့်နေ့နှင့် ယင်းပစ္စည်းကို လက်ရောက်လွှဲပြောင်းပေးသည့်နေ့ရက်တို့အနက် စောရာနေ့ကို ဆိုလိုပါသည်။

(၂) ဝင်ငွေကြေညာလွှာတင်သွင်းရမည့် နောက်ဆုံးနေ့ရက်သည် ရုံးပိတ်ရက် (သို့မဟုတ်) အစိုးရကပြန်တမ်းထုတ်ပြန်သည့် အလုပ်ပိတ်ရက်ဖြစ်ပါက ယင်းနေ့နှင့် နောက်တစ်ဆက်တည်းဖြစ်သော အများပြည်သူရုံးဖွင့်ရက်တွင် တင်သွင်းရမည်ဖြစ်ပါသည်။

**အခြေပစ္စည်းရောင်းချခြင်းနှင့်ပတ်သက်၍ တင်ပြရမည့်စာရွက်စာတမ်းများ**

❖ အိမ်၊ ခြံ၊ မြေဖြစ်လျှင် -

( ၁) အရောင်းအဝယ်စာချုပ်မိတ္တူ၊

( ၂) မူလပိုင်ဆိုင်မှုအထောက်အထားများ၊

( ၃) မြေပုံ/ မြေရာဇဝင်ပုံစံ ၁၀၅/ ၁၀၆၊

( ၄) အိမ်၊ မြေ အနေအထားပြခတ်ပုံ ရှေ့/ နောက်/ ဘေး - ဝဲ/ ယာ၊

( ၅) မှတ်ပုံတင်၊ အိမ်ထောင်စုစာရင်းမိတ္တူ၊

( ၆) တင်ပြလိုသည့် ကုန်ကျစရိတ်အထောက်အထားများ၊

( ၇) ရောင်းချသူကိုယ်တိုင်မဟုတ်လျှင် (ရုံးခွန်တံဆိပ်ခေါင်းကပ်နှိပ်ထားသော ကိုယ်စားလှယ်လွှဲစာ)၊

( ၈) ဝယ်ယူပိုင်ဆိုင်စဉ်က အခွန်ထမ်းဆောင်ခဲ့သည့်အထောက်အထားများ၊

( ၉) အထူးကိုယ်စားလှယ်လွှဲစာ (SP)/ အထွေထွေကိုယ်စားလှယ်လွှဲစာ (GP)၊

❖ ယာဉ်ဖြစ်လျှင် -

( ၁) အရောင်းအဝယ်စာချုပ်မိတ္တူ၊

(၂) ယာဉ်အမျိုးအစားအလိုက် ရောင်းချသူ၏ အမည်ပါရှိသည့် မှတ်ပုံတင်စာအုပ်မိတ္တူ၊

( ၃) ရောင်းချသူ၏ အမည်ပါရှိသည့် ယာဉ် သက်သေခံလက်မှတ်မိတ္တူ

(၄) မူရင်းနှင့်တိုက်ဆိုင်စစ်ဆေးထားသော ရောင်းချသူ၏ နိုင်ငံသားစိစစ်ရေးကဒ်ပြားမိတ္တူ (ကုမ္ပဏီအမည်ပေါက်ယာဉ်ဖြစ်ပါက ကုမ္ပဏီမှတ်ပုံတင်လက်မှတ်မိတ္တူ)

(၅) မူရင်းနှင့်တိုက်ဆိုင်စစ်ဆေးထားသော ရောင်းချသူ၏ အိမ်ထောင်စုလူဦးရေစာရင်းမိတ္တူ (ကုမ္ပဏီအမည်ပေါက်ယာဉ်ဖြစ်ပါက တင်ပြရန် မလိုပါ)

(၆) ရောင်းချမှုအတွက် အခွန်ထမ်းဆောင်လိုကြောင်း တင်ပြသည့်လျှောက်လွှာ၊

(၇) ရောင်းချသူကိုယ်တိုင်မဟုတ်လျှင် (ရုံးခွန်တံဆိပ်ခေါင်းကပ်နှိပ်ထားသော ကိုယ်စားလှယ်လွှဲစာ)၊

(၈) ဝယ်ယူပိုင်ဆိုင်ခဲ့စဉ်က အခွန်ထမ်းဆောင်ခဲ့သည့်အထောက်အထားများ ပတခ(ဝင)-၈၊ ပုံစံ (၁)၊ ငွေသွင်းချလန် (ဝင်ငွေရလမ်း တင်ပြထားသည့် ယာဉ်ဖြစ်ပါက)

(၉) ယာဉ်အို၊ ယာဉ်ဟောင်းအပ်နှံ၍ မိမိအမည်ပေါက်ဖြင့် ပြည်ပမှ တင်သွင်းခဲ့သည့်ယာဉ်ဖြစ်ပါက အကောက်ခွန်ဦးစီးဌာနနှင့် ကုန်လမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတို့တွင် ရှင်းလင်းခဲ့သည့်အထောက်အထားများ၊

(၁၀) အမွေဆက်ခံခြင်း၊ ပေးကမ်းခြင်းဖြင့်ရရှိခဲ့သည့်ယာဉ်ဖြစ်ပါက မူလပေးကမ်းစဉ် အမွေဆက်ခံစဉ်က စာရွက်စာတမ်းအထောက်အထားများ။

**ကာလတန်ဖိုးသတ်မှတ်ခြင်း**

❖ အိမ်၊ ခြံ၊ မြေ ဖြစ်လျှင် -

ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့၏ စည်ပင်သာယာနယ်နိမိတ်အတွင်းဖြစ်ပါက သက်ဆိုင်ရာတိုင်းဒေသကြီး ကာလတန်ဖိုးစိစစ်သတ်မှတ်ရေးအဖွဲ့ကလည်းကောင်း၊ စည်ပင်သာယာနယ်နိမိတ်ပြင်ပနှင့် ကျန်တိုင်းဒေသကြီး/ ပြည်နယ်/ ပြည်ထောင်စုနယ်မြေများရှိ မြို့နယ်များဖြစ်ပါက သက်ဆိုင်ရာမြို့နယ် ကာလတန်ဖိုးစိစစ်သတ်မှတ်ရေးအဖွဲ့ကလည်းကောင်း ကာလတန်ဖိုးသတ်မှတ်ပေးမည်ဖြစ်ပါသည်။

❖ ယာဉ်များဖြစ်လျှင် -

သက်ဆိုင်ရာ မြို့နယ်အခွန်ဦးစီးဌာနမှူးများကလည်းကောင်း၊ အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး၊ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံးများတွင် အခွန်ထမ်းဆောင်နေသည့် ကုမ္ပဏီများ၏ မော်တော်ယာဉ်၊ ရေယာဉ်၊ မော်တော်ဆိုင်ကယ်၊ သုံးဘီးဆိုင်ကယ်၊ ထော်လာဂျီများ ရောင်းချခြင်းအတွက် အဆိုပါရုံးများ၏ ဌာနမှူးများကလည်းကောင်း သတ်မှတ်စံနှုန်းနှင့်အညီ ယာဉ်တန်ဖိုးသတ်မှတ်ပေးမည် ဖြစ်ပါသည်။

**ပေးဆောင်ရမည့်အခွန်တွက်ချက်ခြင်း**

❖ **တွက်ချက်မှုနမူနာ**

| | | | |
|---|---|---|---|
| | | | ကျပ် |
| အခြေပစ္စည်းရောင်းချ/ လဲလှယ်/ လွှဲပြောင်းသည့်တန်ဖိုး | = | | ၁၀၀,၀၀၀,၀၀၀ |
| (နုတ်) ခွင့်ပြုစရိတ်များ | | | |
| မူလအဝယ်တန်ဖိုး | = | ၈၀,၀၀၀,၀၀၀ | |
| (-) တန်ဖိုးလျော့စုစုပေါင်း | = | - (၂,၄၀၀,၀၀၀) | |
| | | ၇၇,၆၀၀,၀၀၀ | |
| ဖြည့်စွက်အသုံးစရိတ်များ (ဥပမာ-ဆေးသုတ်) | = | + ၂,၀၀၀,၀၀၀ | |
| ရောင်းချစရိတ်(ဥပမာ- ပွဲခ) | = | + ၂,၀၀၀,၀၀၀ | |
| | | | (၈၁,၆၀၀,၀၀၀) |
| မြတ်စွန်းငွေ | | = | ၁၈,၄၀၀,၀၀၀ |
| ကျသင့်အခွန်(၁၀%) | | = | ၁,၈၄၀,၀၀၀ |

**မှတ်ချက်။** အခြေပစ္စည်းရရှိပိုင်ဆိုင်ခြင်းနှင့် ဖြည့်စွက် မ-တည်စရိတ်များအတွက် စည်းကြပ်မှုမှ လွတ်ကင်းနေသောဝင်ငွေခွန်ခေါင်းစဉ်ဖြင့် အခွန်စည်းကြပ်မှုများဆောင်ရွက်ရန် လိုအပ်မည် ဖြစ်ပါသည်။

**ဒဏ်ငွေကျသင့်စေခြင်း**

❖ အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေပုဒ်မ ၆၇၊ ပုဒ်မခွဲ (က) အရ မည်သူမဆို အခွန်ကြေညာလွှာတစ်ရပ်ရပ်ကို တင်သွင်းရန်သတ်မှတ်ထားသည့်နေ့ရက်တွင် သို့မဟုတ် ယင်းနေ့ရက်မတိုင်မီ တင်သွင်းရန်ပျက်ကွက်ပါက အောက်ပါဒဏ်ကြေးငွေနှစ်ရပ်အနက်မှ များရာဒဏ်ကြေးငွေကို ပေးဆောင်ရမည် -

(၁) ပေးဆောင်ရမည့်အခွန်ပမာဏ၏ ၅ ရာခိုင်နှုန်းအပြင် တင်သွင်းရန်သတ်မှတ်ထားသည့် နေ့ရက်မှ စည်းကြပ်မှုပြုလုပ်သည့်အချိန်ကာလအထိ ကြေညာလွှာတင်သွင်းရန် ဆက်လက် ပျက်ကွက်နေသည့် တစ်လချင်းစီအတွက် သို့မဟုတ် တစ်လ၏အစိတ်အပိုင်း အတွက် ပေးဆောင်ရမည့်အခွန်ပမာဏ၏ ၁ ရာခိုင်နှုန်း၊

(၂) ငွေကျပ်တစ်သိန်း။

အခြေပစ္စည်းမှမြတ်စွန်းငွေအပေါ် စည်းကြပ်မှုခံယူပြီး အခွန်ပေးသွင်းပြီးပါက အခြေပစ္စည်း ဝယ်ယူခြင်း/ တည်ဆောက်ခြင်း/ ပြုပြင်ခြင်း သို့မဟုတ် အခြားတစ်နည်းနည်းဖြင့် ရယူခြင်း ဆောင်ရွက်ရာတွင် ဝင်ငွေရလမ်းအဖြစ် အခြေပစ္စည်းမှမြတ်စွန်းငွေအပေါ် အခွန်တောင်းခံလွှာ ပတခ(ဝင)-၈ နှင့် အခွန်ပေးဆောင်ထားသောငွေသွင်းချလန်တို့ကို တင်ပြနိုင်ပါသည်။

**အသေးစိတ်သိရှိလိုပါက** အခွန်ထမ်းဝန်ဆောင်မှုဗဟိုအဖွဲ့ရုံး(ရန်ကုန်)၊ အမှတ်(၁၂၈/ ၁၃၂ ဒုတိယနှင့် တတိယထပ်)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ဖုန်းနံပါတ်- ၀၁-၈- ၃၈၉၃၁၁/ ဖုန်းနံပါတ် -၀၁-၈- ၃၈၉၃၂၂/ ဖုန်းနံပါတ်-၀၁-၈- ၃၇၈၃၇၀ (သို့မဟုတ်) အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး (မန္တလေး) ၆၅ လမ်း၊ (၂၂ x ၂၃ လမ်းကြား)၊ ဖုန်းနံပါတ် - ၀၂ - ၄၀၃၀၁၉၂၊ ပြန်ကြားရေးအဖွဲ့၊ ပြည်တွင်းအခွန်များ ဦးစီးဌာန၊ ရုံးအမှတ် ၄၆၊ နေပြည်တော်ဖုန်းနံပါတ်-၀၆၇- ၃၄၃၀၅၂၂၊ ၀၆၇- ၃၄၃၀၅၃၃ (သို့မဟုတ်) သက်ဆိုင်ရာ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများသို့လည်းကောင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**